၇၁၀
၁၇.၆.၁၆

ကုန်သွယ်ရေးဦးစီးဌာန
၃၀၁၂
နေပြည်တော်
၂၄.၆.၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ကုန်သွယ်ရေးဦးစီးဌာန

စာအမှတ်၊ကသရ(ဦး)မူဝါဒ(၁)/၂၀၁၆-၂၀၁၇(၁၅၆၉)

ရက်စွဲ ၊၂၀၁၆ ခုနှစ်၊ဇွန် လ ၂၄ ရက်

အကြောင်းအရာ။ **တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ITC) ဖြင့် မော်တော်ဆိုင်ကယ် တင်သွင်းခွင့်ပြုကြောင်း အကြောင်းကြားခြင်း**

ရည် ညွှန်း ချက်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏၂၀-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စက-၁၅/၂-၄၉/၂၀၁၆ (၈)

၁။ နယ်စပ်ဒေသများရှိ လုပ်ငန်းရှင်ငယ်များ တရားဝင် ကုန်သွယ်မှုဆောင်ရွက်လာစေရေး ကြိုးပမ်းရာတွင် (အထူးသဖြင့် တရုတ်နယ်စပ်မှ) ပြည်တွင်းဝယ်လိုအားရှိသည့် ဆိုင်ကယ်တင်သွင်းမှုနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံမှ ဆိုင်ကယ်တရားမဝင် သယ်ယူနေမှုများရှိသဖြင့် တရားဝင်လမ်းကြောင်းပေါ်မှ ဆောင်ရွက်လာစေရေးအတွက် ITC ကတ် မှတ်ပုံတင်ဆောင်ရွက်သူများအား ဆိုင်ကယ်တင်သွင်းခွင့်ကို အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ၁၇-၆-၂၀၁၆ ရက်နေ့ ကျင်းပပြုလုပ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၁၆) သို့ အမှာစာတင်ပြခဲ့ရာ ရည်ညွှန်းချက်ပါစာဖြင့် ခွင့်ပြုကြောင်း အကြောင်းကြားလာပြီး ဖြစ်ပါသည်-

(က) ITC ကတ် မှတ်ပုံတင်ထားသူ တစ်ဦး၊ တစ်ရက်လျှင် ဆိုင်ကယ် (၁) စီး တင်သွင်းခွင့်ပြုရန်။

(ခ) တစ်ဦး တစ်ပတ်လျှင် ဆိုင်ကယ်စီးရေ (၅) စီးအထိ တစ်ကြိမ်တည်း စုဆောင်းတင်သွင်းလိုကလည်း ဆောင်ရွက်ခွင့်ပြုရန်။

(ဂ) နေ့စဉ် ဆိုင်ကယ်တရားမဝင် သယ်ဆောင်နေသည့် ဒေသခံများအား တရားဝင်လမ်းကြောင်းပေါ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လာစေရေးအတွက် သက်ဆိုင်ရာကုန်သွယ်ရေးစခန်းတာဝန်ခံများကရှင်းလင်းစည်းရုံးဆောင်ရွက်ရန်။

(ဃ) ITC မှတ်ပုံတင်၍ ဆိုင်ကယ်တင်သွင်းဆောင်ရွက်သူများအနေဖြင့် ရုံးလုပ်ငန်းလွယ်ကူ ရှင်းလင်းစွာ ဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ဝန်ထမ်းထုတ်နုတ်၍ သီးခြားတာဝန်ပေးဆောင်ရွက်ရန်။



1+0+3

(င) စမ်းသပ်ကာလ (၁) လ စမ်းသပ်ဆောင်ရွက်ပြီး လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု အပေါ်မူတည်၍ ITC ဆောင်ရွက်ခွင့်ပြုသည့် တန်ဖိုး တစ်ရက်လျှင် ကျပ်သိန်း (၃၀) နှုန်းဖြင့် တစ်ပတ်လျှင် ကျပ်သိန်း (၁၅၀) ခွင့်ပြုဘောင်အတွင်း စီးရေ တိုးမြှင့် ၍ ခွင့်ပြုပေးသွားရန်။

(စ) ယင်းသို့ ITC ကတ်နှင့် တရားဝင်သွင်းကုန်လိုင်စင်ပြုလုပ်တင်သွင်းခဲ့သော လိုင်စင်အရ အကောက်ခွန်မှ သွင်းကုန်ကြေညာလွှာ ID လွယ်ကူစွာပြုလုပ်ဆောင်ရွက်ရန်၊ လိုင်စင်နှင့် ID တို့အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော် ဆိုင်ကယ်မှတ်ပုံတင် လိုင်စင်ထုတ်ပေးရေး ဆောင်ရွက်စေရန်တို့အား သက်ဆိုင်ရာ ဌာနများသို့ အကြောင်းကြားရန်။

၂။ သို့ပါ၍ ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးများတွင် တစ်ဦးချင်းကုန်သွယ်မှု မှတ်ပုံတင်လက်မှတ် (ITC) မှတ်ပုံတင်ထားသူတစ်ဦးလျှင် (၁) ရက် ဆိုင်ကယ် (၁) စီးနှုန်းဖြင့် (ရက်သတ္တပတ် တစ်ပတ်အတွက် ၅ စီး) တင်သွင်းခွင့်ပြုကြောင်းနှင့် အထက်အပိုဒ် (၁) (ဃ) (စ) ပါ လုပ်ငန်းများအား သက်ဆိုင်ရာ OSS ဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ အပိုဒ်(၁)(င)ပါ စမ်းသပ်ကာလ တစ်လပြည့်မြောက်ပါက မြေပြင်ဆောင်ရွက်မှု တိုးတက်မှုအခြေအနေကို ရုံးချုပ်သို့ မပျက်မကွက် သုံးသပ်တင်ပြရန်နှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အပေါ် မူတည်၍ ဝန်ကြီးရုံးသို့ တင်ပြပြီး စီးရေတိုးမြှင့် ခွင့်ပြုပါက ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရှိဆောင်ရွက်ရန် အကြောင်းကြားပါသည်။ **(လက်ခံရရှိကြောင်းပြန်ကြားရန်)**

ဇော်မင်း

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

( ဇော်မင်း၊ ညွှန်ကြားရေးမှူး )

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူး၊ ဌာနခွဲအားလုံး၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး/ဦးစီးအရာရှိ

ကုန်သွယ်ရေးစခန်းအားလုံး၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ မြစ်ကြီးနား)

ကုန်သွယ်ရေးဦးစီးဌာန